မည်သူမဆို အီမာန်နှင့်တကွ အကျိုးဆဝါဗ်ကို

မျှော်ကိုးပြီး ရမဿွာန်လ၏ (ဆွိယာမ်)ဥပုသ်ကို

စောင့်ထိန်းခဲ့လျှင် ၎င်းသူ ယခင်ကကျူးလွန်မိခဲ့သောအပြစ်အကုသိုလ်များ ခွင့်လွှတ်ပေးခြင်းခံရမည် ဖြစ်သည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ မည်သူမဆို
အီမာန်နှင့်တကွ အကျိုးဆဝါဗ်ကို မျှော်ကိုးပြီး ရမဿွာန်လ၏ (ဆွိယာမ်)ဥပုသ်ကို
စောင့်ထိန်းခဲ့လျှင် ၎င်းသူ ယခင်ကကျူးလွန်မိခဲ့သော အပြစ်အကုသိုလ်များ
ခွင့်လွှတ်ပေးခြင်းခံရမည် ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင်မည်သူမဆို အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်မှုနှင့်တကွ (ဆွိယာမ်)ဥပုသ်သည်ဖရ်ဿွ်တာဝန်ဖြစ်ကြောင်းနှင့်
အလ္လာဟ်အရှင်မြတ်သည်(ဆွိယာမ်)ဥပုသ်စောင့်ထိန်းသူများအတွက်
များပြားသောအကျိုးကုသိုလ်များ အသင့်ပြင်ဆင်ထားကြောင်းကို လက်ခံယုံကြည်မည်။ ထို့အတူအရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုသာရည်ရွယ်၍ (ရိယာအ်)ပြစားမှုနှင့်ကျော်ကြားလိုစိတ်မပါဘဲ ရမဿွာန်လ၏ (ဆွိယာမ်) ဥပုသ်ကို စောင့်ထိန်းခဲ့လျှင် ၎င်းသူယခင်ကကျူးလွန်မိခဲ့သည့်အပြစ်အကုသိုလ်များခွင့်လွှတ်ခြင်းခံရမည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/4196